
စိတ်ကူးချိုချိုအနုပညာ

# မိသားစုဘဝသာယာရေးနှင့် မိဘတို့၏ပြဿနာများ

## မောင်လွင်ပြိုင်



mgyoe.com

သားသမီးတို့အား အိမ်မှုကိစ္စများ စေခိုင်းခြင်း

အိမ်မှုကိစ္စ စေခိုင်းခြင်းနှင့် အလုပ်ပြီးစီးအောင်

လုပ်တတ်စေခြင်း

ဖျော်ဖြေမှု မီဒီယာများနှင့် ကလေးများ၏ပြဿနာ

ဖျော်ဖြေမှု မီဒီယာများမှတစ်ဆင့်

စာဖတ်ခြင်းအကျင့်ကို ပျိုးထောင်ပေးခြင်း

လွတ်လပ်မှုဆုံးရှုံးသွားသောမိခင်အား

စိတ်ထွက်ပေါက်ပေးပါ

မိဘတို့၏ရန်ပွဲများက အမြတ်ထုတ်ယူရေး

သဘောထားကွဲလွဲခြင်းက လင်မယားရန်ပွဲအစ

သားအငယ်ဆုံးအတွက်

ကျေးကျွန်သဖွယ်ပေးဆပ်နေသော မိခင်တစ်ဦး

အဘွားလုပ်သူက

[illegible]အာဏာဝင်ပြလျှင်လည်း တစ်ဒုက္ခ

[illegible]

ဖခင်[illegible]

[illegible]အနစ်နာခံစိတ်

# မိသားစုဘဝသာယာရေးနှင့် မိဘတို့၏ပြဿနာများ

မောင်လွင်ပြင်



mlp0021

1,200.00 KS

mgyoe.com

မိသားစုဘဝသာယာရေးနှင့်မိဘတို့၏ပြဿနာများ မောင်လွင်ပြင်
တမျက်နှာ ၆၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# မိသားစုဘဝသာယာရေးနှင့် မိဘတို့၏ပြဿနာများ

## မောင်လွင်ပြင်

မဝေဝေ-ဇော်ကြိုင်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သားသမီးတို့အား အိမ်မှုကိစ္စများ စေခိုင်းခြင်း | ၁ |
| ၂။ | အိမ်မှုကိစ္စ စေခိုင်းခြင်းနှင့် အလုပ်ပြီးစီးအောင် လုပ်တတ်စေခြင်း | ၇ |
| ၃။ | ဖျော်ဖြေမှု မီဒီယာများနှင့် ကလေးများ၏ပြဿနာ | ၁၃ |
| ၄။ | ဖျော်ဖြေမှု မီဒီယာများမှတစ်ဆင့် စာဖတ်ခြင်းအကျင့်ကို ပျိုးထောင်ပေးခြင်း | ၁၉ |
| ၅။ | လွတ်လပ်မှုဆုံးရှုံးသွားသောမိခင်အား စိတ်ထွက်ပေါက်ပေးပါ | ၂၅ |
| ၆။ | မိဘတို့၏ရန်ပွဲများက အမြတ်ထုတ်ယူရေး | ၃၃ |
| ၇။ | သဘောထားကွဲလွဲခြင်းက လင်မယားရန်ပွဲအစ | ၃၉ |
| ၈။ | သားအငယ်ဆုံးအတွက် ကျေးကျွန်သဖွယ်ပေးဆပ်နေသော မိခင်တစ်ဦး | ၄၇ |
| ၉။ | အဘွားလုပ်သူက ဩဇာအာဏာဝင်ပြလျှင်လည်း တစ်ဒုက္ခ | ၅၅ |
| ၁၀။ | ဖခင်နှင့်တူသော ဖခင်ဖြစ်ရေးနှင့် စွန့်လွှတ်အနစ်နာခံစိတ် | ၆၃ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

[ ၁ ]

## သားသမီးတို့အား အိမ်မှုကိစ္စများ စေခိုင်းခြင်း

စာရေးဆရာကြီး ဒေါက်တာ ဘင်ဂျမင်စပေါ့ခ် (Dr. Benjamin Spock) သည် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး၊ မိသားစုဘဝ ပျော်ရွှင်ရေး၊ အိမ်ထောင်ရေးပြဿနာများကို အထူးကျွမ်းကျင်နှံ့စပ်သော လူမှုရေးသိပ္ပံပညာရှင်တစ်ဦး ဖြစ်သည်။ သူသည် Baby and Child Care စာအုပ်ကို ပြုစုရေးသား ထုတ်ဝေခဲ့ရာ နာမည်ကြီးလွန်း၍ ကမ္ဘာပေါ်တွင် သမ္မာကျမ်းစာအုပ်ပြီးလျှင် ဒုတိယအရောင်းရဆုံး စာအုပ်အဖြစ် အသိအမှတ်ပြုခံရသည်။

သူသည် မိသားစုပြဿနာများကို လေ့လာ သုတေသနပြုထားသော စာအုပ်တစ်အုပ်ကိုလည်း ရေးသားခဲ့သေးသည်။ ယင်းစာအုပ်မှာ Problems of Parents 'မိဘတို့၏ ပြဿနာ အခက်အခဲများ' ဖြစ်သည်။ ယင်းစာအုပ်ကို ဆရာမောင်စိုးသစ်က 'သားသမီးကို နားလည်ခြင်းနှင့် မိသားစုဘဝ ထိန်းသိမ်းနည်းပညာ'ဟု အမည်ပေးပြီး ဘာသာပြန်ဆို ထုတ်ဝေဖူးသည်။ ယင်းစာအုပ်ကို ကျွန်တော် ဖတ်ရသောအခါ မိသားစုကို ထိန်းကျောင်းနေရသော၊ မိသားစုဘဝတည်ဆောက်နေရသော၊ မိသားစုဘဝ

mgyoe.com

mgyoe.com


သာယာရေးကို ရှာဖွေနေကြသော မိဘများအား ပြန်လည်ဖောက်သည်ချ ချင်သည့်အကြောင်းများ တွေ့လာရသည်။ မိသားစုဟူသည် မိဘနှင့် သားသမီးများ ပေါင်းစည်းထားသော လူမှုအဖွဲ့အစည်း အသေးစားကလေး ဖြစ်သည်။ မိသားစုဘဝထိန်းကျောင်းခြင်း ဟူသည်မှာလည်း မိဘက သား သမီးများအား မည်သည့်ပုံစံဖြင့် မည်သို့ ထိန်းကျောင်းသွန်သင် ပဲ့ပြင်ဆုံးမ မည်နည်း ဟူသည်ပင် ဖြစ်သည်။

ထို့ကြောင့် မိသားစုဘဝ သာယာရေး ရယူခံစားလိုသူတိုင်းသည် မိဘနှင့်သားသမီး မည်သို့ဆက်ဆံနေသနည်း၊ မိဘနှင့် သားသမီး ဆက်ဆံရေး မည်မျှ ကောင်းမွန်နေသနည်း၊ မည်သည့် နည်းလမ်းများ သည် မိဘနှင့် သားသမီးဆက်ဆံရေးကို ကောင်းမွန်စေသနည်းတို့ကို လေ့လာထားရပေမည်။ အကြမ်းအားဖြင့်ဆိုရသော် မိဘနှင့် သားသမီး ဆက်ဆံရေးကောင်းမွန်နေလျှင် ထိုမိသားစုဘဝ သာယာနေမည်ဟု ပြောနိုင် ပါလိမ့်မည်။ မိဘနှင့် သားသမီး ဆက်ဆံရေးကောင်းမွန်စေရေးတွင် မိဘသည် အခရာကျသည်ဟု မြင်သည်။ မိဘသည် သားသမီးကို မည်သို့ ထိန်းကျောင်းကိုင်တွယ်နိုင်သနည်းဟူသည်ကို မူတည်ပြီး မိသားစုဘဝ မည်မျှ သာယာသနည်းကိုလည်း တိုင်းတာနိုင်ပါသည်ဟု ယူဆပါသည်။

မိသားစုဘဝ သာယာရေးအတွက် မိဘတို့၏ ပထမပြဿနာ အခက်အခဲတစ်ရပ်ကို စတင် တင်ပြချင်ပါသည်။ ဒေါက်တာ ဘင်ဂျမင် စပေါ့ခ်က 'ကလေးများ၏ အကူအညီရယူမှုနှင့် မိသားစုတာဝန်'ဟု ခေါင်း စဉ်ပေးထားပါသည်။ ယင်းပြဿနာအခက်အခဲတစ်ရပ်မှာ မိဘများသည် သားသမီးတို့အား အိမ်မှုကိစ္စအဝဝကို တာဝန်ပေးခိုင်းစေခြင်း ပြုလုပ်သင့် ပါသလား ဖြစ်သည်။ ကလေးများအား အိမ်အလုပ်တွေ ခိုင်းသင့်၊ မခိုင်း သင့်မှာ မိဘတို့ ဆုံးဖြတ်ရခက်သော အခက်အခဲတစ်ခုဖြစ်သည်။ ယင်း သည်လည်း မိဘက သားသမီးကို ထိန်းကျောင်းကိုင်တွယ်နိုင်ရေး အချက် ထဲတွင် အကျုံးဝင်နေသည်။ မိသားစုဘဝ သာယာရေးနှင့်လည်း သက်ဆိုင် နေသည်။

ဒေါက်တာစပေါ့ခ်က ကလေးများအား အိမ်အလုပ်ခိုင်းခြင်း၊ မခိုင်းခြင်းတွင် မိဘများ သဘောထားကွဲလွဲကြကြောင်း ပြောထားပါသည်။

mgyoe.com

mgyoe.com


'နိစ္စဓူဝ အိမ်မှုကိစ္စလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး မိဘတွေနဲ့ သားသမီးတွေကြားမှာ၊ မိဘ မိဘချင်းကြားမှာ တွေးမြင်ယူဆချက်တွေ အမျိုးမျိုးကွဲပြားကြပါတယ်။ အများစုကတော့ ကလေးတွေကို အိမ်အလုပ်တွေ ခိုင်းသင့်တယ်လို့ မြင်ကြတယ်။ ဒါပေမဲ့ တချို့ မိဘတွေကတော့ အိမ်အလုပ်တွေကို ကိုယ်တိုင်လုပ်လိုက်တာက ပိုပြီး ချောချောမွေ့မွေ့ ကောင်းကောင်းမွန်မွန် ဖြစ်သွားဦးမယ်၊ သူတို့ သားသမီးတွေကို အဲဒီအလုပ်တွေ ခိုင်းနေဖို့ နေနေသာသာ လုပ်ခိုင်းဖို့ ကြိုးစားပြောနေရတာနဲ့တင် အတော်လေး ဒေါသဖြစ်ရတာတွေရှိတဲ့အတွက် လုပ်ခိုင်းမနေတော့တာမျိုးလည်း ရှိပါတယ်။

တချို့မိဘတွေကတော့ ကျွန်မတို့ကတော့ ကျွန်မတို့ကလေးတွေကို ကျွန်မတို့ လုပ်ခဲ့သလို တစ်ချိန်လုံး အလုပ်ချည်းပဲ လုပ်မနေစေချင်ဘူးလို့ ပြောတတ်ကြသလို သူတို့ဟာ ငယ်ရွယ်တဲ့ ကလေးဘဝကို တစ်ခါပဲ ရကြတာပါ၊ သူတို့ ပျော်ပျော်ရွှင်ရွှင်နေလို့ရတုန်း နေကြပါစေလို့လည်း ပြောတတ်ကြပါတယ်။ နောက်တစ်ခုက ဘယ်အသက်အရွယ်မှာ ဘယ်အလုပ်မျိုးဟာ သင့်တော်စေမယ်၊ သူတို့ကို မုန့်ဖိုးအနေနဲ့ပဲ ဖြစ်ဖြစ်၊ တခြားပုံစံတစ်မျိုးမျိုးနဲ့ဖြစ်ဖြစ် အခကြေးငွေ ပေးသင့်သလားဆိုတဲ့ မေးခွန်းတွေလည်း ပေါ်လာပါတယ်'ဟု ဆိုထားသည်။

ဒေါက်တာ စပေါ့ခ်သည် ကလေးများအား အိမ်မှုကိစ္စ မိသားစုတာဝန် လုပ်ငန်းများကို လုံးဝမခိုင်းဘဲ ထားသော မိဘများနှင့် သဘောထားချင်း မတိုက်ဆိုင်ဟု ဆိုသည်။ သားသမီးတို့အား တတ်နိုင်သရွေ့ မိသားစုတာဝန် အိမ်မှုကိစ္စများကို တစ်ပိုင်တစ်နိုင်စေခိုင်းသင့်သည်ဟု ဆိုသည်။ ထိုသို့ ဆောင်ရွက်စေခြင်းမှာ သားသမီးများအား ကိုယ်ချင်းစာတရားထားတတ်အောင်၊ ယဉ်ကျေးသိမ်မွေ့အောင် သင်ကြားပေးခြင်းမည်သည်ဟု ဆိုသည်။ ထိုသို့ အလုပ်မခိုင်းစေလျှင် ထိုသားသမီးတို့သည် အိမ်နီးချင်းများကြား၊ ကျောင်းမှ သူငယ်ချင်းများကြား၊ မိသားစုဝင်များကြားတွင် စိတ်ကျေနပ်မှုမရှိစေသော၊ တစ်ကိုယ်ကောင်းဆန်တတ်သော၊ တကျည်ကျည်လုပ်တတ်သော ကလေးများ ဖြစ်သွားစေနိုင်သည်ဟု ဆိုသည်။

"အဲဒီအကျင့်စရိုက်တွေဟာ သူတို့အလုပ်မှာ၊ အိမ်ထောင်မှုဘဝမှာ

mgyoe.com

mgyoe.com

ကျေနပ်နှစ်သက်မှုနဲ့ အလိုလိုက် အကြိုက်ဆောင်မှုတွေကို မျှော်လင့်ထားတတ်ကြတဲ့ လူကြီးတွေ ဖြစ်လာစေတဲ့အထိ ပါသွားနိုင်ပါတယ်။ အဲဒီလူမျိုးတွေဟာ ပျော်ပွဲစားထွက်တဲ့အချိန်မှာ ဘာတွေလုပ်ဖို့ လိုအပ်တယ်၊ ရုံးမှာဆိုရင် ဘာလုပ်ဖို့ လိုအပ်တယ်ဆိုတာကိုတောင် သိပ်မသိကြပါဘူး။ သူတို့ ရဲ့ အိမ်ထောင်မှုဘဝမှာ အဆင်မပြေမှုတွေ တွေ့စပြုလာတဲ့အချိန် သူတို့ဟာ သူတို့ရဲ့အိမ်ထောင်ဖက်ရဲ့ အပြစ်ကိုပဲ မြင်တတ်ကြပါတယ်။ သူတို့တွေ အလုပ်ပြုတ်သွားတဲ့အခါကျတော့လည်း ပိုင်ရှင်သူဌေးကို အပြစ်တင်တတ် ကြပါတယ်။

မိဘတွေဟာ အိမ်အလုပ်တွေကို သူတို့ဘာသာ လုပ်လိုက်ရင် ပိုပြီးကျွမ်းကျွမ်းကျင်ကျင်နဲ့ မြန်မြန်ဆန်ဆန် ပြီးစီးသွားနိုင်တာပဲဆိုပြီး သားသမီးတွေကို မလုပ်ခိုင်းတာဟာ မှားယွင်းတယ်လို့ ကျွန်တော် ယူဆပါတယ်။ မူကြိုနဲ့ မူလတန်းကျောင်းတိုင်းက ဆရာမတွေက ကလေးတွေဟာ ဆရာမနဲ့ အတန်းအတွက် ကူညီလုပ်ဆောင်ပေးခြင်းအားဖြင့် တာဝန်ရှိမှုနဲ့ အသိစိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်လာစေပြီး အဲဒီလို ကူညီဆောင်ရွက်ပေးတာမျိုး သူတို့မလုပ်ကြဘူးဆိုရင် တာဝန်ယူတတ်တဲ့ အသိစိတ်ဓာတ် သူတို့မှာ ဖွံ့ဖြိုးတိုးတက်မလာကြဘူးဆိုတာ သိမြင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် အလုပ်တွေ နှောင့်နှေးကြန့်ကြာသွားမယ်ဆိုရင်တောင် အိမ်အလုပ်တွေကို ကူညီဆောင်ရွက်စေခြင်း၊ တာဝန်ခွဲဝေပေးခြင်းတို့ကို လုပ်ဆောင်သင့်ပါတယ်။ ဒါဟာ မိဘတွေက သူတို့ရဲ့စာရိတ္တကို တည်ဆောက်ပေးနေခြင်းပဲ ဖြစ်ပါတယ်'ဟု ကလေးများအား အလုပ်ခိုင်းစေသင့်ကြောင်း ဒေါက်တာစပေါ့ခ်က ရှင်းပြထားခြင်းဖြစ်သည်။

ထို့အပြင် မိဘတို့သည် သူတို့၏ ဝိုင်းဝန်းကူညီဆောင်ရွက်ရန် တောင်းဆိုခြင်းသည် သူတို့၏ တာဝန်ယူလိုစိတ်နှင့် သူတို့ လုပ်ကိုင်ရမည့် အလုပ်ကို လုပ်ဆောင်နေချိန်တွင် ခံစားရမည့် ပီတိစိတ်ဖြစ်ပေါ်စေရန် ဖန်တီးခြင်းလည်း မည်သည်ဟု ဆိုထားသေးသည်။

မိသားစုတွင် ဆယ်ကျော်သက် မိန်းကလေးတစ်ဦးသည် ပန်းကန်ဆေး၊ မီးဖိုဆောင် သန့်ရှင်းရေးလုပ်၊ အိပ်ရာခင်း စသည့်လုပ်ငန်းများကို မိခင်နှင့် အတူ ကူညီလုပ်ပေးနိုင်သည်။ ထိုနည်းတူ ယောကျ်ားလေးတစ်ဦးသည်လည်း

mgyoe.com

ဖခင်နှင့်အတူ ကားရေဆေး၊ ဥယျာဉ်စိုက်ပျိုး၊ အိမ်ဝန်းကျင် သန့်ရှင်းရေး လုပ် ဟူသော လုပ်ငန်းများကို ဝိုင်းဝန်းလုပ်ကိုင်နိုင်သည်။ အသက် ခြောက်နှစ်မှ ကိုးနှစ်အတွင်း ရှိပြီဆိုလျှင် ထိုသားသမီးတို့သည် မိဘတို့ အား ကောင်းကောင်းကူညီနိုင်ပြီ။ မိသားစုတစ်စုတွင် သားသမီးတို့သည် မိမိတို့နှင့်ဆိုင်ရာ တာဝန်များကို မဖြစ်မနေယူသင့်သည်ဟု ဒေါက်တာ စပေါ့ခ်က ဆိုထားသည်။ ယောကျ်ားလေးတို့သည် မိမိအိပ်ရာ မိမိ ခင်းခြင်း၊ သိမ်းခြင်း၊ မိမိတို့ စားသောက်ပြီး ပန်းကန်များကို မိမိဘာသာ ဆေး ကြောခြင်း စသည်တို့မှ အစ အခြား တစ်ကိုယ်ရေတစ်ကာယ ဆောင်ရွက် စရာများကို ကိုယ်တိုင်ဆောင်ရွက်သင့်သည်။ မိဘက လိုက်လုပ်ပေး ရခြင်းများကို ရပ်ဆိုင်းပစ်ရတော့မည်။ ညီအစ်ကို မောင်နှမများ၍ အစ်ကို အစ်မများ လိုက်လုပ်ပေးရခြင်းများကိုလည်း ရပ်ဆိုင်းပစ်ရမည်။ မိမိ တစ်ကိုယ်စာ မိမိဘာသာ တာဝန်ယူခြင်းသည် မိမိကိုယ်ကို ယုံကြည် အားကိုးစေသော စိတ်ဓာတ်ကို လေ့ကျင့်ပေးခြင်းဖြစ်သည်ဟု ဆိုသည်။

'အသက်သုံးနှစ်အရွယ် ကလေးတစ်ဦးတောင်မှပဲ ထမင်းစားပွဲပေါ် လက်သုတ်ပဝါ တင်ပေးတာမျိုး လုပ်ပေးနိုင်ပါတယ်။ မိခင်က ကလေး လေးကို အဝတ်အစား လဲပေးနေချိန်မှာ သူက သူ့အမေကို လက်သုတ်ပဝါ ယူပေးနိုင်ပါတယ်။ ညအိပ်ရာဝင်ချိန်မှာ သူ့ကစားစရာလေးတွေကို သူ့ဘာသာ သိမ်းနေတာလည်း ကောင်းပါတယ်။ ဒါပေမဲ့ အသက်သုံးနှစ် အရွယ် ကလေးတစ်ယောက်ကို တစ်ညနေလုံး ရှုပ်ပွနေတဲ့ပစ္စည်းတွေကို တစ်ယောက်တည်း တာဝန်ယူစေပြီး သိမ်းဆည်းခိုင်းတာမျိုးကတော့ သဘာဝမကျလှပါဘူး။ အဲဒီလောက်ထိတော့ သူနားလည်နိုင်မှာ မဟုတ် သေးပါဘူး။

ဆယ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ် ယောကျ်ားလေးတစ်ယောက်ဆိုရင် တော့ အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးလုပ်ခိုင်းတာ၊ အဝတ်ခြောက်တွေ ခေါက်ခိုင်းတာ၊ ကားသန့်ရှင်းရေးလုပ်တာ စတဲ့ အလုပ်တွေကို တစ်နာရီ လောက် လုပ်ခိုင်းဖို့ သင့်တော်ပါပြီ။ ဒါပေမဲ့ သူ့ကို အလုပ်စေခိုင်းရခြင်း ရည်ရွယ်ချက်ကို ကောင်းကောင်းရှင်းမပြထားဘဲနဲ့ စေခိုင်းတာဆိုရင်တော့ အဲဒီအလုပ်တွေ ဆက်လုပ်ဖို့၊ အပတ်စဉ် ဆောင်ရွက်ဖို့ သူဝန်လေးနေပါ

mgyoe.com

mgyoe.com

လိမ့်မယ်၊ ငြင်းဆန်နေပါလိမ့်မယ်၊ ရှောင်ထွက်သွားဖို့ ဉာဏ်နီဉာဏ်နက် ဆင်ပါလိမ့်မယ်'ဟု ဒေါက်တာ စပေ့ါခ်က အလုပ်ခိုင်းစေခြင်းနှင့် ပတ်သက်ပြီး ရှင်းပြထားသည်။

အိမ်အလုပ်များ စေခိုင်းခြင်းတွင် မိဘများ ရင်ဆိုင်ရဦးမည့် နောက်ထပ် ပြဿနာတစ်ရပ် ရှိသေးသည်။ အလုပ်လုပ်ခိုင်းခြင်းအတွက် မုန့်ဖိုးဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ အခကြေးငွေ ပေးသင့်၊ မပေးသင့် ပြဿနာ ဖြစ်သည်။ ဒေါက်တာ စပေ့ါခ်က အလုပ်လုပ်ခြင်းနှင့် ငွေကြေး မည်မျှ လောက် ဆက်စပ်မှုရှိသနည်းအပေါ် သူတို့ မည်သို့ နားလည်သနည်း ဆိုသည့်အပေါ် မူတည်ကာ မိသားစုအမျိုးမျိုး ကွဲပြားသွားနိုင်သည်ဟု ထင်မြင်ချက်ပေးထားပါသည်။

'အဲဒါဟာ မိဘတွေက သားသမီးတွေကို အပိုဝင်ငွေ (ပေးနေကျ မုန့်ဖိုးအပြင်) ရှာဖို့ အားပေးချင်သည်ဖြစ်စေ၊ မပေးချင်သည်ဖြစ်စေ၊ နိစ္စဓူဝ အိမ်မှုကိစ္စတွေဟာ မကုန်လုံးတစ်ခုမပါဘဲ ပြီးနိုင်သည်ဖြစ်စေ၊ မပြီးနိုင်သည်ဖြစ်စေ မိဘတွေရဲ့ သဘောထားပေါ်ပဲ မူတည်ပါတယ်။ ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုမပြီးရင် အခကြေးငွေ မရနိုင်ဘူးဆိုတဲ့ အသိကတော့ ကလေးတွေအတွက်ရော လူကြီးတွေအတွက်ပါ ကောင်းမွန်တဲ့ အထိန်းအကွပ်တစ်ခု ဖြစ်တယ်ဆိုတာကတော့ သေချာပါတယ်'ဟု ဆိုသည်။

ယင်းသို့ ဆိုသဖြင့် ဒေါက်တာ စပေ့ါခ်သည် အလုပ်ခိုင်းလျှင် ထိုက်သင့်အားလျော်စွာ အခကြေးငွေပေးသင့်သည်ဟု ယူဆပုံရသည်။ ယင်းမှာ အလုပ်ကို တန်ဖိုးထားစေချင်၍ ဖြစ်နိုင်သည်။ အလုပ်ပြီးမြောက် အောင် လုပ်ဆောင်တတ်ခြင်းအတွက် ဂုဏ်ပြုချင်၍လည်း ဖြစ်နိုင်သည်။

'ဒါပေမဲ့ ကလေးတစ်ယောက်ဟာ သူလုပ်သမျှ အရာရာတိုင်း အတွက် အခကြေးငွေတောင်းခံလာမှာကို ကျွန်တော်တို့ ခွင့်မပြုသင့်ဘူးလို့ ကျွန်တော် ထင်ပါတယ်'ဟု ဆိုထားပြန်သည့်အတွက် ကလေးဘဝမှာ ကြေးစားဆန်ခြင်း စိတ်ဓာတ်ကိုတော့ မိဘများ သတိထား ရှောင်ရှား ရမည်ကိုလည်း နားလည်လိုက်ရပါသည်။

■

mgyoe.com

mgyoe.com

[ ၂ ]

## အိမ်မှုကိစ္စ စေခိုင်းခြင်းနှင့် အလုပ်ပြီးစီးအောင် လုပ်တတ်စေခြင်း

စာရေးဆရာကြီး ဒေါက်တာ ဘင်ဂျမင်စပေါ့ခ် (Dr.Benjamin Spock)၏ မိဘတို့၏ ပြဿနာများအကြောင်း ဆက်လက်တင်ပြပါမည်။ သားသမီးတို့အား အိမ်မှုကိစ္စများ တာဝန်ပေးစေခိုင်းခြင်းဖြင့် ကလေးတို့၏ စာရိတ္တတရားမြင့်လာအောင်၊ တာဝန်ယူတတ်သည့် စိတ်ရှိလာအောင် ဖန်တီးယူခဲ့ခြင်းအကြောင်း ပြီးသောအခါ သားသမီးတို့အား ပေးအပ်လာသောတာဝန်များ ပြီးစီးအောင်လုပ်တတ်စေရန် ဖန်တီးယူရဦးမည့်အကြောင်းကို ပြောချင်ပါသေးသည်။

ကလေးတို့အား အရွယ်နှင့်သင့်လျော်သော အိမ်မှုကိစ္စအလုပ်တာဝန်များကို စေခိုင်းသောအခါ ကလေးများ လုပ်ချင်စိတ်ရှိအောင် မိဘများက ဖန်တီးရဦးမည်ဖြစ်သည်။ ကလေးတို့သည် အိမ်အလုပ်များ လုပ်ပင် လုပ်နေရသော်ငြား မိသားစုအား အကူအညီ ပေးနေရခြင်းပါလား ဟူသော အသိတရားခံစားချက်ရှိမှသာ သည်ကလေး အိမ်အလုပ်များ လုပ်ပေးနေရခြင်းကို ကျေကျေနပ်နပ် စိတ်ပါလက်ပါ ရှိနိုင်မည်ဖြစ်သည်။

mgyoe.com

mgyoe.com


ထိုသို့ မဟုတ်လျှင် ကလေးတို့သည် အလုပ်ကို စိတ်မပါ လက်မပါနှင့် လုပ်နေရပြီဆိုသည်နှင့် အလုပ်ဆိုသည်မှာ မနှစ်မြို့စရာပါတကားဟူသော အလုပ်၏ ဖိစီးမှုတစ်ခု ဝင်သွားပါလိမ့်မည်။ ထိုအခါ အလုပ်ကြောက်သည့် ရောဂါလည်း ရသွားနိုင်သည်ဟု ဒေါက်တာ စပေါ့ခ်က ဆိုထားသည်။

'ဖြစ်ရပ်အများစုမှာ အကြောင်းရင်းကတော့ အလုပ်တစ်ခုကို ချမှတ်ပေးတဲ့ အချိန်၊ ဒါမှမဟုတ် အလုပ်တစ်ခုလုပ်ဖို့ သတိပေးတဲ့အချိန်တွေမှာ မိဘတွေ သုံးလိုက်တဲ့ လေသံပဲဖြစ်ပါတယ်။ မိခင်တစ်ယောက်ဟာ သူ့သမီးကို ကစားနေတာ ရပ်ပြီး အိမ်သန့်ရှင်းရေးလုပ်ဖို့ ပြောတဲ့အခါ အဲဒီမိခင်ဟာ ဘာလို့ စိတ်တိုဒေါသထွက်ရတာလဲဆိုတာနဲ့ ပတ်သက်ပြီး သူ့မှာ အကြောင်းပြချက်တွေ အများကြီးရှိနေပါလိမ့်မယ်။ ရုပ်ပွညစ်ပေနေတာတွေ၊ ပျက်စီးနေတာတွေ ရှိကောင်းရှိလိမ့်မယ်။ တစ်နေ့ခင်းလုံး ကလေးတွေ တကျက်ကျက်ရန်ဖြစ်နေတာ၊ ညစာမစားခင် အချိန်မရှိသလောက် နည်းသွားပြီး ဒရောသောပါး ချက်ရပြုတ်ရတာ၊ ဒါမှမဟုတ် အိမ်မှာ ကားပဲဖြစ်ဖြစ်၊ တီဗွီပဲဖြစ်ဖြစ် တစ်ခါပြန်ပျက်သွားတာမျိုး ဖြစ်နိုင်ပါတယ်။

'ဒါပေမဲ့ အများအားဖြင့်တော့ ကလေးတွေကို လုပ်ငန်းတာဝန် တစ်ခုကို ပေးတဲ့နေရာမှာ ခပ်ထန်ထန်ပြောခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော်မှန်မယ်ဆိုရင်ပေါ့လေ။ အဲဒီ အပြုအမူ သဘောထားဟာ ကျွန်တော်ရဲ့ ကလေးဘဝကတည်းက ပါလာတာပဲ ဖြစ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ လူ့သဘာဝရဲ့ ဖြစ်လေ့ဖြစ်ထ အရှိဆုံး၊ စိတ်စနိုးစနောင့်ဖြစ်စရာ အကောင်းဆုံး အချက်တစ်ချက်ကတော့ ကလေးဘဝတုန်းက ကျွန်တော်တို့ရဲ့ မိဘတွေက ကျွန်တော်တို့အပေါ် ပြုမူဆက်ဆံခဲ့တာတွေဟာ ကျွန်တော်တို့ကို သင်ပေးခဲ့သလိုဖြစ်ပြီး ကျွန်တော်တို့ကိုယ်တိုင် မိဘနေရာ ရောက်လာဘော့ ကျွန်တော်တို့ သားသမီးတွေကို အဲဒီအပြုအမူ ဆက်ဆံပုံအတိုင်း ပြန်ကျင့်သုံးမိခဲ့ကြတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါဟာ သားသမီးတို့အတွက် အနှောင့်အယှက်ပေးခံရတဲ့ စိတ်ခံစားမှုကိုပဲ ရစေခဲ့တာ ကျွန်တော်တို့ မသိခဲ့ကြပါဘူး'ဟု ဒေါက်တာစပေါ့ခ်က

mgyoe.com

mgyoe.com


ဆွေးနွေးထားသည်ကို တွေ့ရသည်။

ထို့ကြောင့် မိဘတို့သည် သားသမီးများအား အလုပ်လုပ်ချင်လာအောင် စေခိုင်းတော့မည်ဆိုလျှင် ခက်ထန်သော၊ မာရေကျောရေနိုင်သော လေသံများ မသုံးစွဲသင့်ပါဟု နားလည်ရပါတော့မည်။ ထို့အပြင် မိမိတို့ စိတ်တိုနေခိုက်တွင် ဒေါမနဿဖြင့် အလုပ်စေခိုင်းခြင်းသည်လည်း လေသံ မာသွားခြင်းများ ဖြစ်နိုင်သဖြင့် မိမိတို့ စိတ်ပြေလျော့သည့် အချိန်ကာလတွင်သာ အိမ်အလုပ်များ စေခိုင်းသင့်သည်ဟု နားလည်ရပါသည်။

သို့သော် ကလေးများဘက်သို့လည်း တစ်ဖန် လှည့်ကြည့်ကြပါဦးစို့။ ကလေးတို့သည် သူတို့၏ ကြိုးပမ်းအားထုတ်ထားမှုများကို လူကြီးများက နားလည်လက်ခံပေးမည်ဆိုလျှင် သူတို့သည် လိုလိုလားလားပင် အိမ်အလုပ်များကို အကူအညီပေးချင်သည့် ဆန္ဒများ ရှိကြသည်။ သူတို့သည် အလုပ်တစ်ခုကို လုပ်သည့်နေရာတွင်၊ အလုပ်တစ်ခုကို ဦးဆောင်ပြီး လုပ်ရသည့်အခါမျိုးများတွင် သူတို့ကိုယ်သူတို့ ဂုဏ်ယူတတ်ကြသည်။

ထို့အပြင် လူကြီးမိဘများ သိနားလည်ထားသင့်သော နောက်ထပ်တစ်ချက် ရှိသေးသည်။ ကလေးတို့သည် လူကြီးများလုပ်သည့်အတိုင်း အလုပ်တစ်ခုကို ပြီးစီးအောင် လုပ်ပြချင်တတ်ကြသည့်သဘော ရှိကြသည်။ အလုပ်တစ်ခုကို ပြီးစီးအောင် လုပ်နိုင်ခြင်းကနေ ရရှိလာသော အလုပ်ပြီးစီးမှု ပီတိစိတ်ကျေနပ်မှုကို ရယူလိုတတ်ကြသည်ဟုလည်း ဆိုထားပါသေးသည်။

'ကျွန်တော်တို့ မိဘတွေမှာ ရှိနေတဲ့ ပြဿနာတစ်ခုက ကလေးတွေကို အိမ်အလုပ်တွေ စေခိုင်းတယ်။ တာဝန်ယူတတ်တဲ့ စိတ်ဓာတ်ရရှိအောင် ရည်ရွယ်ပြီး စေခိုင်းပေမဲ့ ဒီကလေးအလုပ်ကို ပြီးအောင် လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ သိပ်အရေးမကြီးဘူး။ ခိုင်းတာကို မညည်းမညူ မခိုမကတ်လုပ်ရင်ပြီးရောလို့ တစ်ခါတစ်ရံ သဘောထားတတ်ကြတယ်။ ဒါပေမဲ့ ကလေးတို့ရဲ့ စိတ်ထဲမှာ တကယ် တာဝန်ပေးစေခိုင်းလာတဲ့အခါ ဒီအလုပ်လုပ်ပြမယ်၊ ပြီးရင် လူကြီးတွေ ကျေကျေနပ်နပ်နဲ့ ချီးကျူးစကားကို သူတို့ကြားချင်ကြတယ်။ တစ်ခါတစ်ရံပေါင်းများစွာမှာ ကျွန်တော်တို့ဟာ ကလေးတွေကို အလုပ်တာဝန်တွေ

mgyoe.com

ပေးပြီးတိုင်း ချီးကျူးစကားပြောဆိုဖို့ မေ့နေတတ်ကြတယ်။ အလုပ်ပြီးအောင် လုပ်သွားသည်ဖြစ်စေ၊ မပြီးမစီးနဲ့ ဒီအတိုင်း ထားသွားသည်ဖြစ်စေ အလုပ်လုပ်တဲ့ကလေးကို ချီးကျူးပေးဖို့တာဝန် ကျွန်တော်တို့ ပျက်ကွက်ခဲ့ပါတယ်'ဟု ဒေါက်တာ စပေါ့ခ်က မိဘတို့၏ပြဿနာနှင့် မိဘတို့၏ ပေါ့လျော့မှုကို ဆိုသွားပါသည်။

ထို့အပြင် မိဘတို့၏ ချီးကျူးစကား ပြောပေးရန် ပေါ့လျော့မှုများ ပြင်ဆင်ရေးနှင့်အတူ ကလေးတို့ အလုပ်ပြီးစီးအောင် လုပ်တတ်စေရေးကိုလည်း ဤသို့ လမ်းညွှန်ပေးထားပါသည်။

"အဲဒီအတွက် မိဘတွေအနေနဲ့ သူတို့ကို အဲဒီလို လုပ်ငန်းတာဝန်တွေပေးတဲ့နေရာမှာ သူတို့ လက်ခံနိုင်လောက်တဲ့ လိုက်လျောမှုမျိုး ထားပေးဖို့သာမက အဲဒီအိမ်အလုပ်တာဝန်တွေ ဆောင်ရွက်တဲ့နေရာမှာ မိဘတွေက ကလေးတွေနဲ့ ဖြစ်နိုင်သမျှ လက်တွဲခေါ်ပြီး အလုပ်ပြီးစီးအောင် ကြိုးစားလုပ်ပြသင့်ပါတယ်။ အလုပ်တွေ အပျက်အစီး အမှားအယွင်းကင်းကင်းနဲ့ ပြီးစီးအောင် ဒီလိုလုပ်ဆောင်ရတယ်လို့ လက်တွေ့ပြသခြင်းနဲ့ အလုပ်ပြီးစီးအောင် လုပ်တတ်ခြင်းကို သင်ပေးရပါမယ်။

မိဘတို့ဟာ အဲဒီလိုလုပ်ငန်းတာဝန်မျိုးတွေကို သူတို့လေးတွေ အသက်နည်းနည်းကြီးလာတဲ့အခါမှာ တာဝန်တွေလည်း ပိုပေးမယ်ဆိုပေးနိုင်လို့ ဖြစ်ပါတယ်။ ဒါပေမဲ့ တာဝန်လွှဲပေးခြင်းမှာ မိဘတွေ သိပ်လောမကြီးဖို့လည်း လိုပါတယ်။ လောကြီးသွားရင် သူတို့တစ်တွေ အလုပ်လုပ်ချင်တဲ့ စိတ်အားထက်သန်မှုတွေ လွင့်ပျောက်သွားစေတတ်ပါတယ်။ တကယ်တော့ အဲဒီ အိမ်မှုကိစ္စအလုပ်တွေဟာ လူကြီးတွေအတွက်တောင်မှ အဖော်တွေနဲ့ လုပ်ကိုင်တဲ့အခါမျိုးမှာ ငြီးငွေ့မှုနည်းပြီး ပျော်ရွှင်စရာဖြစ်လာနိုင်တာပါ။

နှစ်နှစ်သားအရွယ်၊ သုံးနှစ်သားအရွယ် ကလေးတစ်ယောက်အတွက်တော့ အစ်မဖြစ်သူက သူကို့ရဲ့ ကစားစရာပစ္စည်းတွေ သိမ်းပေးနေတဲ့အချိန်မှာ သူကလည်း လိုက်သိမ်းပေးရတာမျိုးကို ပျော်ရွှင်နေတတ်ကြပါတယ်။ တချို့ မိသားစုတွေမှာဆိုရင်တော့ ပန်းကန်ခွက်ယောက်တွေဆေးကြောနေကြတဲ့ အချိန်ဟာ တစ်နေ့တာရဲ့ အဆင်ပြေပြေ၊ သာသာ

mgyoe.com

mgyoe.com


ယာယာ အရှိဆုံးအချိန် ဖြစ်တတ်ပါတယ်။

'အမှန်ကတော့ စေ့ဆော်မှုအားလုံးရဲ့ မျိုးစေ့တွေဟာ ကလေးတွေမှာ အလိုလိုပါရှိနေခဲ့တာ ဖြစ်ပြီး အဲဒီစေ့ဆော်မှုတွေဟာ ပူးပေါင်းဆောင်ရွက်မှုရှိဖို့လည်း လိုအပ်ပါတယ်။ မျိုးစေ့ကလေးတွေဟာ နှစ်နှစ်နဲ့ သုံးနှစ်အရွယ်မှာ အသြောက်ကောင်းကောင်း ပေါက်လာကြပါတယ်'

ဒေါက်တာ စပေါ့ခ်၏ကလေးတို့တွင် ပါလာပြီးသော အလုပ်လုပ်ချင်သည့် ဗီဇသဘောကို ရှင်းပြထားချက် ဖြစ်သည်။ ထိုဗီဇသဘောကို နားလည်ထားသော မိဘသည် အလုပ်လုပ်ချင်၊ ကူညီပေးချင်နေသော သားသမီးတို့အား လက်တွဲခေါ်ကာ အလုပ်တာဝန်ယူတတ်စေရန်၊ အလုပ်ပြီးစီးအောင် လုပ်တတ်စေရန် သင်ကြားပြသပေးရန်သာ ရှိပါတော့သည်။ သို့သော် အိမ်အလုပ်များ တာဝန်ပေးစေခိုင်းရာတွင် အရွယ်နှင့်မမျှသော တာဝန်လွှဲအပ်ခြင်းများကို စိတ်လောမကြီးကြရန်လည်း သတိထားရပေဦးမည်။ အလုပ်များများစေခိုင်းမိလျှင် သူတို့၏ အလုပ်လုပ်ချင်စိတ်ထက်သန်မှုကို ရိုက်ချိုးသလိုလည်း ဖြစ်နေဦးမည်။

'မိဘတွေအဖို့ ခက်ခဲတဲ့အလုပ်တစ်ခုကတော့ နောင်လာမယ့် ဆယ့်ငါးနှစ်အတွက် မျိုးစေ့ကလေးတွေကို စိတ်ရှည်ရှည်နဲ့ ပြုစုပျိုးထောင်ပေးရမယ့်အလုပ်ပဲ ဖြစ်ပါတယ်။ အလုပ်တစ်ခုကို တာဝန်ပေးစေခိုင်းတဲ့အခါ အဲဒီအလုပ်ကို နမူနာပြ လုပ်ပြပေးခြင်း၊ ကလေးတွေရဲ့ ဖွံ့ဖြိုးလာတဲ့ စွမ်းဆောင်ရည်အတိုင်းအတာအတွင်းမှာ ရှိနေတဲ့ သူတို့ရဲ့ ကူညီဆောင်ရွက်ပေးနိုင်မှုအမျိုးအစားနဲ့ အတိုင်းအဆပမာဏကို ယုံယုံကြည်ကြည်နဲ့ တောင်းခံခြင်း၊ လူကြီးတစ်ယောက် ဖြစ်လာမယ့် လူတစ်ယောက်အဖြစ် နားလည်တန်ဖိုးထားပေးခြင်း၊ သူတို့ရဲ့ စိတ်အားထက်သန်မှုအရ ပေါ်ထွက်လာတဲ့ ဖွဲ့သန်သန် လုပ်ချင်ကိုင်ချင်စိတ်ကို ရှင်သန်အောင် တွန်းအားပေးခြင်းတို့အားဖြင့် အလုပ်ပြီးမြောက်အောင်၊ အောင်မြင်အောင် လုပ်ဆောင်နိုင်စေရမှာ ဖြစ်ပါတယ်'ဟု ဒေါက်တာ စပေါ့ခ်က မိဘတို့အား သုံးသပ်ပြောကြားထားသည်။

သို့ရာတွင် ထိုသို့ ပြင်ဆင်ပြီးကာမှ အစီအစဉ်များသည် အခန့်မသင့်လျှင် တစ်စစီ ပြိုကွဲသွားနိုင်ပါသေးသည်။ အခန့်မသင့်လျှင် ဟူသော

mgyoe.com

mgyoe.com


အခြေအနေဟူသည် မိဘတို့၏ ကလေးများအပေါ် အလုပ်ကူညီညာ လုပ်ကိုင်ပေးစေရန် စေခိုင်းသောလေသံပင် ဖြစ်သည်။ လေသံမာလျှင် ကလေးတို့ အလုပ်လုပ်ချင်စိတ် ပျောက်မည်။ သို့ဆိုလျှင် ချော့ခိုင်းရမည်လားဟူ၍လည်း မဆိုလိုပါ။ ချော့ခိုင်းပြန်လျှင်လည်း ကလေးတို့အသိက ညာခိုင်းနေပြန်ပြီဟု ယူဆကြဦးမည်။ အခကြေးငွေပေးမည်ဟု မက်လုံးပေးခိုင်းခြင်းသည်လည်း မလုပ်အပ်သေး။ အလုပ်လုပ်ခြင်းကြောင့် ချီးကျူးသည့်အနေဖြင့်သာ ငွေကြေး(မုန့်ဖိုး) သို့မဟုတ် လက်ဆောင်ပစ္စည်းဝယ်ပေးခြင်းတို့လောက်သာ လုပ်ဆောင်သင့်သည်။

ဒေါက်တာ ဘင်ဂျမင်စပေါ့ခ်၏ နိဂုံးသတ်စကားသည်သာ ကလေးတို့ အလုပ်ပြီးစီးအောင် လုပ်ဆောင်တတ်စေမည့် မှတ်သားဖွယ်ရာဟု နားလည်လိုက်ရပါတော့သည်။

'စိတ်ဆိုး မာန်ဆိုးနဲ့ အပြစ်တင် မောင်းမဲတာဟာ အလုပ်ကို မပြီးစီးစေနိုင်ပါဘူး။ အေးအေးဆေးဆေး တိုက်တွန်းအားပေး ပြောဆိုစေခိုင်းခြင်းကသာ အလုပ်ကို ပြီးစီးအောင်မြင်စေနိုင်မှာ ဖြစ်ပါတယ်'ဟူ၍ ဖြစ်သည်။

■

mgyoe.com

mgyoe.com

[ ၃ ]

## ဖျော်ဖြေမှု မီဒီယာများနှင့် ကလေးများ၏ပြဿနာ

မိသားစုတစ်စုတွင် ကလေးများအတွက် မီဒီယာများကိုလည်း ထားပေးရမည်ဟု မိဘများ နားလည်ထားသည်။ မိသားစုတိုင်း၊ အိမ်တိုင်းတွင် မီဒီယာပစ္စည်းဟူသည် ရှိကြစမြဲ ဖြစ်သည်။ ယနေ့ခေတ် အိုင်တီနည်းပညာများ ကြီးစိုးလွှမ်းမိုးသော ခေတ်ကြီးတွင် မီဒီယာပစ္စည်းများဟု ခေါ်သော ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ရုပ်သံလိုင်းများ ကြည့်ရှုနိုင်သော စမတ်ဖုန်းများ၊ တက်ဘလက်၊ လက်ပ်တော့များနှင့် ပုံနှိပ်ထုတ်ဝေသော စာနယ်ဇင်းများမိသားစုတိုင်းတွင် တစ်မျိုးမဟုတ် တစ်မျိုး ရှိကြပါသည်။

မိဘများသည် မိမိတို့ကိုယ်တိုင်လည်း ပညာဗဟုသုတရရန်နှင့် ဖျော်ဖြေမှုရရန် မီဒီယာပစ္စည်းများကို နေ့စဉ် အသုံးပြုနေကြသလို မိမိတို့သားသမီး ရင်သွေးငယ်များအားလည်း ဗဟုသုတရရန်နှင့် စိတ်ပျော်ရွှင်မှုရစေရန် မီဒီယာပစ္စည်းအချို့ကို ပေးသုံးခဲ့ကြလေသည်။

ကလေးများ ငယ်စဉ်ဘဝကတည်းက စိတ်ပျော်ရွှင်ချမ်းမြေ့စေရေးနှင့် အထွေထွေဗဟုသုတ စုံလင်စွာ ရစေရေးဖြင့် ကြီးပြင်းလာစေလိုရေး

mgyoe.com

mgyoe.com

သည် မိဘတို့၏ တာဝန်ဟု မိဘအများစုက လက်ခံခဲ့ကြသည်။ ကလေးတို့သည် ခေတ်ပေါ်မီဒီယာများကို ဖျော်ဖြေရေးအနေဖြင့် ခံစားထိတွေ့ကြရသောအခါ မည်သည့်အကျိုးသက်ရောက်မှုများ ပေါ်ပေါက်လာပါသနည်းဟူသော မေးခွန်းသည် မိဘများဆီသို့ ရိုက်ခတ်လာပါသည်။ ယင်းကိစ္စကို ဒေါက်တာဘင်ဂျမင်စပေါ့ခ်ကလည်း မိဘတို့၏ပြဿနာအကြောင်း တစ်ရပ်အဖြစ် ဆွေးနွေးထားပါသည်။

ကာလအတော်ကြာကြာကတည်းကပင် ကလေးတို့အတွက် ပျော်ရွှင်စေရန် ရည်ရွယ်သော ဖျော်ဖြေရေး မီဒီယာများကြောင့် ကလေးများအပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ အငြင်းပွားမှု ရှိခဲ့ပါသည်။ ကောင်းကျိုးထက် ဆိုးကျိုးသက်ရောက်မှုများသည်ဟု ယူဆသူများက ကလေးတို့အတွက် ဖျော်ဖြေရေးမီဒီယာများသည် အလွန်အကျွံ ကြည့်ရှုမှု ပြုလာသောအခါ ကလေးအချင်းချင်း အကြမ်းဖက်မှု၊ ရာဇဝတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ ညစ်ဖွာလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်သည်။

ကျောင်းစာ၊ အိမ်စာနှင့် စာအုပ်ကောင်းများ ဖတ်ရှုခြင်းကို ထိခိုက်နိုင်သည်ဟု ထောက်ပြခဲ့ကြသည်ဟု ဒေါက်တာစပေါ့ခ်က ဆိုသည်။ ထို့အပြင် ဒေါက်တာစပေါ့ခ်၏ ကိုယ်တွေ့တရားခွင်တစ်ခုကိုလည်း ဤသို့ ပြောပြခဲ့ပါသေးသည်။

'ပထမဆုံး အကြမ်းဖက်မှုနဲ့ ရာဇဝတ်မှုတွေကို လေ့လာကြည့်ရအောင်ပါ။ တရားသူကြီး အတော်များများ၊ အမှုလိုက်အရာရှိ အတော်များများနဲ့ ကလေးစိတ်ပညာရှင်အများစုဟာ တရားရုံးမှာ မေးလေ့မေးထရှိတဲ့ မေးခွန်းတစ်ခုရှိတယ်။ ကျွန်တော် တရားခွင်တစ်ခုမှာ အဲဒီမေးခွန်းမေးတာနဲ့ ကလေးတစ်ယောက် ပြန်ဖြေတာကို နားထောင်မှတ်သားဖူးပါတယ်။ မင်းအနေနဲ့ ဒီရာဇဝတ်မှုကို ကျူးလွန်ခဲ့ရအောင် ဘယ်နေရာကများ စိတ်ကူးစိတ်သန်းရခဲ့တာလဲလို့ မေးတဲ့အခါ ဒီကလေးက ကျွန်တော် ရုပ်မြင်သံကြား အစီအစဉ်တစ်ခု ကြည့်မိလို့ပါ၊ ဗီဒီယိုတစ်ခွေ ကြည့်မိလို့ပါလို့ ဖြေသံကြားခဲ့ရပါတယ်။ ဒီလို ဖြေသံကြားရတော့ ကျွန်တော့်အနေနဲ့ မကြာခဏ ပြင်းပြင်းထန်ထန် နာကျင်ခံစားခဲ့ရပါတယ်'ဟု ပြောသွားပါသည်။
mgyoe.com

mgyoe.com


ဖျော်ဖြေရေး မီဒီယာများသည် ကလေးတစ်ဦး အကြမ်းဖက်ရ လောက်အောင်၊ ရာဇဝတ်မှုခင်း ကျူးလွန်ရလောက်အောင် ဆိုးကျိုးသက် ရောက်မှု အားကြီးလွန်းပါတကား။ သို့သော် ဤသို့ ဆိုးကျိုးသက်ရောက်မှု သည် ကလေးတိုင်းသို့ တစ်ထေရာတည်း ဆိုက်ရောက်မည်ဟု တထစ်ချ သတ်မှတ်မရပါပေ။ ကလေးတို့တွင် တုံ့ပြန်နိုင်စွမ်းအား တစ်ဦးနှင့်တစ်ဦး ကွာခြားကြပါသည်။ ခေတ်ပေါ်ဖျော်ဖြေရေး မီဒီယာများကြောင့် ကလေး တိုင်း စာရိတ္တ ထိပါးသွားခြင်းမျိုး မဖြစ်နိုင်ပါ။ ကလေးတို့၏ လက်ဦးဆရာ ဖြစ်သော မိဘတို့က မိမိတို့ရင်သွေးများအား ငယ်စဉ်ကတည်းက မည်သို့ သွန်သင်၊ ပုံချ၊ စည်းကမ်းနည်းလမ်းပြပေးခဲ့ပါသလဲဆိုသည့် အချက်ပေါ် တွင်လည်း မူတည်ပါသည်။ ဒေါက်တာစပေါ့ခ်က ယင်းကိစ္စကို ဤသို့ ရှင်းပြထားပါသည်။

၇။ ကလေးတစ်ဦးစားသူ့ရဲ့အခြေခံအတွေးအမြင်တွေ ဘယ်က ရလာသလဲဆိုရင် သူ့မိဘတွေဆီက ရလာခဲ့တာပါ။ ဒါဟာ မျိုးရိုးဗီဇ လွှမ်းမိုးတာကြောင့်လို့ ဆိုနိုင်ပါတယ်။ မိဘတွေဟာ လူကောင်းသူကောင်း တွေ ဖြစ်ပြီး စိတ်ကောင်းနှလုံးကောင်းရှိတယ်ဆိုရင်၊ ပြီးတော့ ရင်သွေးကို လည်း ချစ်ခင်မြတ်နိုးကြင်နာမယ်ဆိုရင် အဲဒီအချစ်ခံရတဲ့ ကလေးဟာ လည်း သူ့မိဘတွေကို နင့်နင့်နဲနဲ ပြန်ချစ်ပါလိမ့်မယ်။ မိဘတွေရဲ့ စိတ်နေ သဘောထားအတိုင်း စိတ်သဘောထားရှိပါလိမ့်မယ်။ မိဘတွေ ပြုမူသလို လိုက်လုပ်ပါလိမ့်မယ်။ အဲဒီနည်းလမ်းနဲ့ ဒီကလေးဟာ သူ့ကိုယ်သူ ဒုက္ခ မရောက်အောင် ထိန်းကျောင်းနိုင်တဲ့ စိတ်နဲ့ ကြီးပြင်းသွားပါလိမ့်မယ်။

၈။ သေချာတာကတော့ ကလေးတစ်ယောက်ရဲ့အဆင့်ကို သူ့မိဘ တွေက ချမှတ်ပေးနိုင်တာပါပဲ။ ကလေးတစ်ယောက်ရဲ့ စာရိတ္တမဏ္ဍိုင်ကို လည်း မိဘတွေကပဲ ထိန်းကျောင်းပေးနိုင်ပါတယ်။ ဒီနည်းဟာ မီဒီယာ တွေကြောင့် ကလေးရဲ့စာရိတ္တကို ထိခိုက်နိုင်တယ်လို့ စိုးရိမ်သောက ရောက်နေရတဲ့ မိဘတွေအတွက် နည်းလမ်းတစ်ခုရတာပါပဲ။ ကလေးတွေ အပေါ် ဖျက်ဆီးနေတဲ့ မီဒီယာတွေကို ကန့်သတ်ထားလို့၊ ကင်းကွာအောင် လုပ်ထားလို့ မရနိုင်ပါဘူး။ ကလေးတွေကို မီဒီယာနဲ့ အဆက်ဖြတ် ထားရင် သူတို့ အသိဉာဏ်ပွင့်လင်းမှုဟာ ခေတ်နဲ့ ရင်ပေါင်မတန်းနိုင်ဘဲ

mgyoe.com

mgyoe.com


ခေတ်နောက်ကျသွားပါဦးမယ်။ မိဘတွေဟာ မီဒီယာရဲ့ ဘယ်လိုဩဇာသက်ရောက်စေမှုကိုမှ ကလေးတွေ မခံရအောင် လုပ်ပေးရပါမယ်။ ရုပ်ရှင်ထဲက ကိစ္စဟာ ရုပ်ရှင်ထဲမှာသာ ရှိနေကြောင်း၊ ပြင်ပလောကကြီးထဲမှာ လုပ်လို့မရနိုင်ကြောင်း၊ စိတ်ကူးယဉ်ဇာတ်လမ်းဟာ စိတ်ကူးယဉ်သက်သက်သာ ဖြစ်ကြောင်းတွေကို ကလေးတွေနားလည်အောင် ရှင်းပြနိုင်ရပါမယ်" ဟု ဆိုထားပါသည်။

ဒေါက်တာစပေါ့ခ်သည် ကလေးများနှင့် ခေတ်ပေါ်မီဒီယာများအား ကန့်သတ်ထားခြင်း၊ ပိတ်ပင်ထားခြင်းနှင့် အဆက်ဖြတ်ထားခြင်းများကို သဘောမတူသူ ဖြစ်သည်။ သူသဘောမတူရခြင်းမှာ အကြောင်းရှိပါလိမ့်မည်။ အပေါ်ယံကြည့်လျှင် မီဒီယာများကြောင့် ကလေးများ စာရိတ္တပျက်ယွင်းထိပါးနိုင်ခြေရှိလျှင် မီဒီယာကြည့်ရှုခွင့်ကို ပိတ်ပင်လိုက်ရုံသာ ဖြစ်သည်ဟူသော အဖြေကို မိဘများ သဘောတူကြပြီး ဖြစ်ပါမည်။ သို့သော် ထိုသို့ ပိတ်ပင်လိုက်ရုံဖြင့် ကလေးတို့ စာရိတ္တမပျက်မယွင်းနှင့် ပိုကောင်းလာဖွယ်ရာ ရှိပါသလားဟူသော မေးခွန်းကိုလည်း ဖြေရပါဦးမည်။

မိဘအချို့သည် ကလေးများ ကြည့်ရှုနေသော ရုပ်မြင်သံကြားဇာတ်လမ်းတစ်ခု၊ ဗီဒီယိုဇာတ်လမ်းတစ်ခုကို ပျော်ရွှင်ရယ်မောရစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပြသပေးနေသော်လည်း ယင်းဇာတ်ကားထဲက ရက်စက်ကြမ်းကြုတ်သော ပြကွက်တစ်ခု သို့မဟုတ် မလုံ့တလုံ အဝတ်အစားနှင့် လိင်အသားပေး ပြကွက်တစ်ခု ပါလာသည့်အခါ ဇာတ်ကားကို ကျော်ပစ်၊ ပိတ်ပစ်ခြင်းများ ပြုလုပ်တတ်ကြသည်။

ထိုအခါ ကလေးတို့သည် ဇဝေဇဝါဖြင့် နားလည်ရခက်သော ခံစားမှုတစ်မျိုးရလိုက်ပြီး စိတ်ဆိုးသည့်အမူအရာများ ပြကောင်း ပြနိုင်ပါသည်။ သူတို့ကြည့်နေသည်ကို ဘာကြောင့် နှောင့်ယှက်ရသနည်းဟုလည်း မေးပေလိမ့်မည်။ ထို့ထက်ဆိုးသည်မှာ သူတို့ မသိစေချင်သည်များ မိဘများတွင် ရှိနေသည်ဟူသော အတွေးစွဲသွားပါသည်။ မိဘတို့၏ ပူပန်ကြောင့်ကြစိတ်ကို သူတို့ နားမလည်နိုင်ခြင်းသည် အပြစ်မဟုတ်ပါ။ မိဘများက မကြည့်စေလိုသော ပြကွက်ကို ပိတ်ပစ်ခြင်းသည်လည်း

mgyoe.com

mgyoe.com


အပြစ်မဟုတ်ပါ။ အပြစ်ဖြစ်သည်မှာ ကလေး၏ လက်ခံနိုင်စွမ်း စိတ်အခြေခံ ဖြစ်သည်။ စိတ်အခြေခံအရ မိဘက ရင်သွေးကို ဘာကြောင့် မကြည့်သင့်သည်ကို မည်မျှလောက် နားလည်အောင် ရှင်းပြထားပါသနည်း ဆိုသည်က ပြဿနာကို ရှင်းနိုင်မည့်နည်း ဖြစ်သည်။

မိဘတို့သည် ကလေးများ စာရိတ္တထိပါးနိုင်ခြေရှိသော ပြကွက်များကို ပိတ်ပစ်ခြင်းနှင့်အတူ ဘာကြောင့် မကြည့်သင့်ကြောင်း၊ မမြင်အပ်ကြောင်း ရှင်းပြခြင်းကိုပါ တစ်ပါတည်း လုပ်ဆောင်ပေးရမည်ဟု ဒေါက်တာစပေါ့ခ်က ဆိုပါသည်။

'မူကြိုကျောင်းဆရာမတစ်ဦးက အခု လူကြိုက်များနေတဲ့ ကြမ်းကြမ်းတမ်းတမ်း အင်အားသုံးမှုတွေနဲ့ ပြည့်နေတဲ့ တီဗီအစီအစဉ်တစ်ခုကြောင့် ကလေးတွေ တစ်ယောက်နဲ့ တစ်ယောက် မကြာခဏ ထိုးကြိတ် သတ်ပုတ်တာတွေကို ဖြစ်ပွားစေပါတယ်။ ကစားတာတောင် ယောကျ်ား၊ မိန်းကလေး မခွဲတော့ဘဲ အဲဒီ တီဗီအစီအစဉ်ထဲကအတိုင်း ပြေးလွှားထိုးကြိတ် ကစားကြပါတယ် ဆိုတဲ့အကြောင်း ကျွန်တော့်ကို ပြောပါတယ်။ တကယ်လို့များ အဲဒီတီဗီအစီအစဉ်ကို ရိုက်ကူးထုတ်လုပ်သူတွေကို အဲဒီဆရာမက ကန့်ကွက်ပြောဆိုမယ်ဆိုရင် ဒီလူတွေဟာ တီဗီအစီအစဉ်လာချိန်မှာ တီဗီကို ပိတ်ထားကြပါလို့ ဖြေရှင်းမှာ အမှန်ပါပဲ။

ဒါကြောင့်မို့ အဲဒီလိုမျိုး အစီအစဉ်တွေဟာ ကောင်းမွန်ဖြူစင်တဲ့ ကလေးတစ်ဦးကို ဆိုးသွမ်းစေနိုင်တယ်လို့ ကျွန်တော် အပြတ်မပြောနိုင်ပေမဲ့ တစ်နည်းနည်းနဲ့တော့ သူတို့ရဲ့ စာရိတ္တကို ထိပါးနိုင်ခြေတော့ ရှိပါတယ်။ တီဗီအစီအစဉ်ကို အသေပိတ်ထားရမယ်လို့ ဖြေရှင်းချက်ကို ကျွန်တော် လက်မခံပါ။ ကလေးတွေကို မကြည့်ရလို့ တားမြစ်ခြင်းကိုလည်း ကျွန်တော် သဘောမတူပါ။ ဒါပေမဲ့ မိဘများအနေနဲ့ တီဗီပိတ်ထားရခြင်းနဲ့ မကြည့်ရလို့ တားမြစ်ရခြင်းတွေကို ကလေးတွေ ကောင်းကောင်းသဘောပေါက်ဖို့ ရှင်းပြရပါမယ်။ ရှင်းပြရမယ့်တာဝန် ရှိပါတယ်။ ရက်စက်ကြမ်းကြုတ်တဲ့ ပြကွက်တွေ ကြည့်မိရင်တောင်မှ ရက်စက်ကြမ်းကြုတ်ခြင်းဟာ မကောင်းကြောင်း၊ ရက်စက်ကြမ်းကြုတ်သူဟာ မကြာခင် ကျရှုံးရမှာဖြစ်ကြောင်း၊ ဝဋ်လည်ပြီး ပြန်လည်ခံစားရမှာ ဖြစ်ကြောင်း၊ ဒါကြောင့်

mgyoe.com